# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၁၄) ရက်မြောက်နေ့ အစီအစဉ်

# (၁၂-၁၂-၂၀၁၉)(ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် များက ဖြေကြားခြင်း-

(က) ဦးတင်နု(ခ) ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်ရှိ မာန်အောင်မြို့မှ ကျောက်ဖြူ စစ်တွေမြို့များသို့ သွားလာနိုင်ရေးအတွက် ကစ္စပနဒီအမြန်ရေယာဉ်အား သီတင်းတစ်ပတ်တွင် အနည်းဆုံးနှစ်ကြိမ် ပြေးဆွဲပေးရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၏ **ပြည်-ပေါက်ခေါင်း လမ်းပိုင်း ရထားလမ်းဖောက်လုပ်ရန် သိမ်းဆည်းခဲ့သော လယ်ယာမြေများ နှင့်ပတ်သက်၍ လျော်ကြေးငွေ မရရှိသေးပါသဖြင့် မည်သည့်ဘဏ္ဍာနှစ်တွင် ပေးလျော်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးလှထွန်းကျော်၊ မောင်တော မဲဆန္ဒနယ်၏ **မောင်တောမြို့၊ (၄)မိုင်ရပ်ကွက်၊ မကျည်းကုန်းရွာ၌ လိုအပ်လျက်ရှိသော လူနည်းစု (သက်) တိုင်းရင်းသားများ စာပေယဉ်ကျေးမှုဖြန့်ဖြူးရာ၊ လေ့ကျင့်ရာ-ရိုးရာဓလေ့ထုံးတမ်းအခမ်းအနားကျင်းပနိုင်မည့် (၅၀ ပေ×၃၀ ပေ)ရှိ အဆောက်အဦတစ်ခုအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်၏ **အမျိုးသားစာပေဆုကဗျာပေါင်းချုပ်ဆုရွေးချယ်ရာတွင် ဂန္တဝင်ကဗျာဆုနှင့် ခေတ်ပေါ်ကဗျာဆုဟူ၍ ဆု (၂)ခု ခွဲခြားပေးနိုင်ခြင်းရှိ၊ မရှိ၊ ခေတ်ပေါ်ကဗျာနှင့် ပတ်သက်၍ ဖွဲ့စည်းတည်ဆောက်ပုံ၊ အသံစိစစ်ပုံ၊ ကဗျာဂုဏ်မြောက်မှု သတ်မှတ်ချက်စသည်တို့ကို တရားဝင်မူချမှတ်ပြဋ္ဌာန်းပြီးစီးမှုရှိ၊ မရှိနှင့် ပြဋ္ဌာန်းပြီး ဖြစ်ပါကပြည်သူများသိအောင် ထုတ်ပြန်ပေးထားခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၏ **ကောလင်းမြို့နယ်၊ ရှမ်းကလုံးကျေးရွာအနီးတစ်ဝိုက်တွင် ခွင့်ပြုထားသော သတ္တုတူးဖော်ရေး ကုမ္ပဏီများကို သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်နေခြင်း ရှိ၊ မရှိ စိစစ်၍ ဥပဒေနှင့် မညီသည်များကို စိစစ်အရေးယူရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်၏ **ယင်းခဲသစ်တောကြိုးဝိုင်းအတွင်း ကာလတာရှည်ကတည်းက ဝင်ရောက်ထွန်ယက်စိုက်ပျိုးနေထိုင်ခဲ့ရာမှ သစ်တောကျူးကျော်သူများ ဖြစ်သွားကြရသော ကျေးလက်နေပြည်သူများစာရင်းကို အမှန်တကယ် တိကျမှန်ကန်ခိုင်လုံသော စာရင်းသစ်တစ်ရပ်ဖြစ်အောင် အသစ်ထပ်မံ ကောက်ယူပြုစုထုတ်ပြန်ရန် အစီအစဉ် ရှိ၊ မရှိသိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးအောင်စိုးမင်း၊ ရွာငံ မဲဆန္ဒနယ်၏ **GPS ကုမ္ပဏီမှ တရားမဝင် သတ္တုတူးဖော်နေမှုအား အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး ကွင်းဆင်း စိစစ်အရေးယူဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့လာသော **"အမှုတွဲ မိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်က တင်သွင်းသည့် **"ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်တွင် ဒီရေတောများကို စီမံကိန်းများချမှတ်၍ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ပေါက်ရောက်ပြီး ဒီရေတောများကို စီမံကိန်းများချမှတ်၍ ထိန်းသိမ်း ကာကွယ်ခြင်းဖြင့်လည်းကောင်း သဘာဝဘေးအန္တရာယ်များ ကာကွယ်ရေးနှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများနှင့် လိုက်လျောညီထွေ ဖြစ်စေရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးမင်းသိုင်း၊ ဘိုကလေး မဲဆန္ဒနယ်၊

(ခ) ဦးအောင်နိုင်၊ မိုးကုတ် မဲဆန္ဒနယ်၊

(ဂ) ဒေါ်မြခွာညိုဦး၊ ရွှေတောင် မဲဆန္ဒနယ်၊

(ဃ) ဦးမင်းကြည်၊ သံတွဲ မဲဆန္ဒနယ်၊

(င) ဦးအုန်းခင်၊ ပုလော မဲဆန္ဒနယ်၊

(စ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊

(ဆ) ဦးဝင်းထွဋ်၊ ဖျာပုံ မဲဆန္ဒနယ်၊

(ဇ) ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်၊

(ဈ) ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၊

(ည) ဦးကျော်ဆွေဝင်း၊ ကော့မှူး မဲဆန္ဒနယ်၊

(ဠ) ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

(ဥ) ဦးဝင်းမင်း၊ လှိုင်သာယာ မဲဆန္ဒနယ်၊

၈။ အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်၊

(ခ) ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၊

(ဂ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၊

၁၀။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၁။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၊

(ခ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၊

(ဂ) ဦးဝင်းသိန်းဇော်၊ ဆားလင်းကြီး မဲဆန္ဒနယ်၊

၁၂။ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။